# ဆင်ဖြူချီကျေးရွာ

# မြို့သစ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ( ၂၀၁၉ – ၂၀၂၄ )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆင်ဖြူချီကျေးရွာ ၊ မြို့သစ်မြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၀ပြည့်နှစ် ၊ မေလ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စကားချီ | ၄ |
| ၂။ | မြို့သစ်မြို့နယ်၊ ဆင်ဖြူချီကျေးရွာအုပ်စု၊ဆင်ဖြူချီကျေးရွာအရင်းအမြစ်ပြမြေပုံ | ၆ |
| | **ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်** | |
| ၃။ | ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၇ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၄။ | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၉ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| | (ခ ) သဘာဝအရင်းအမြစ်များ | |
| ၅။ | ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| | (ခ ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| | (ဂ ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (ဃ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| | (စ ) ပညာရေး | |
| | (ဆ) ကျန်းမာရေး | |
| | (ဇ ) ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| | (ဈ ) ကျား/မရေးရာဆက်နွယ်မှု | |
| | (ည) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၁၆ |
| | (က) ရည်မှန်းချက်ပန်းတိုင် | |
| | (ခ ) နည်းဗျူဟာများ | |
| ၇။ | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၁၈ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း | |
| | (ခ ) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ် | |

(ဂ ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ဦးစားပေးစီမံချက်များနှင့် အကောင်းအထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | ၁၉ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ် | |
| | (ခ ) ကဏ္ဍာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း | |
| | (ဂ ) ဦးစားပေးစီမံချက်များ၏ ဦးစားပေးအဆင့်သတ်မှတ်ခြင်း | |
| | (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ | |
| ၉။ | ဘတ်ချက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၂၂ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ | ၂၃ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍာ | |
| | (ခ ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း | |
| | (ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ | |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ | |
| ၁၁။ | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၂၄ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | |
| | (ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | |
| | (ဂ ) နည်းပညာဆိုင်ရာအကူအညီများ | |
| ၁၂။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၂၆ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးလက်ရှိခြေအနေသုံးသပ်ရန် ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ | ၃၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာမှ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆင်ဖြူချီကျေးရွာ
မြို့သစ်မြို့နယ်

## ကျေးရွာအရင်းအမြစ်ပြမြေပုံ ၊ မြို့သစ်မြို့နယ်




ရည်ညွှန်း - ဆင်ဖြူချီကျေးရွာအုပ်စု ၊ ဆင်ဖြူချီကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

## ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၃) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ

ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၄) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ဆင်ဖြူချီကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ်အတွင်း တည်ရှိပြီး အရှေ့ ဘက်တွင် ယင်းချောင်း ၊ အနောက်ဘက်တွင် ဖိုကုန်းကျေးရွာ ၊ မြောက်ဘက်တွင် မကြီးကုန်းလေး ကျေးရွာ ၊ တောင်ဘက်တွင် အိုင်သာကျေးရွာတို့၏ အလယ်တွင်တည်ရှိသော အုပ်စုကျေးရွာတစ်ရွာ ဖြစ်ပြီး ဆင်ဖြူချီကျေးရွာအုပ်စုအတွင်း ဖိုကုန်းကျေးရွာနှင့် မကြီးကုန်းလေးကျေးရွာတို့ပါဝင်ပြီး သုံးရွာတစ်အုပ်စုဖြစ်ပါသည်။

မြို့သစ်မြို့၏တောင်ဘက် (၂)မိုင်အကွာတွင်တည်ရှိပြီး မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် (၁.၂၅)မိုင်ခန့် ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

မိုးနည်းရပ်ဝန်းဒေသဖြစ်၍ တစ်နှစ်ပတ်လုံး ပျမ်းမျှအပူချိန် (၈၀)ဒီဂရီဖာရင်ဟိုက်ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန်(၄၀)လက်မအောက်သာရရှိသော ဒေသဖြစ်ပါသည်။ ရွာ၏အရှေ့ဘက်တွင် ယင်းချောင်းမြေနုကျွန်းပေါ်ယာမြေများ ၊ ကိုင်းမြေများရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ဥယျာဉ်ခြံမြေများ နှင့် လယ်မြေများရှိပါသည်။

သဘာဝပေါက်ပင်များမှာ ထန်းပင် ၊ မန်ကျည်းပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ယင်းမာပင် ၊ ညောင်ပင် ၊ အုန်းနဲ့ပင် ၊ ဇီးပင် ၊ ထနောင်းပင် နှင့် ရှားပင်စသည့်အပူပိုင်းသစ်ပင်များ ပေါက်ရောက် ကြပါသည်။

ကျေးရွာအတွင်း ရေရရှိမှုအနေဖြင့် အဝီစိတုံကင် ရေတွင်းများရှိ၍ သောက်သုံးရေဖူလုံမှုရှိ ပါသည်။

**၅။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း များ ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများ ၊ လူမှု ရေးဆိုင်ရာ ပရဟိတအဖွဲ့အစည်းများ ၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏လမ်းညွှန် အကြံ ပြုချက်များကိုခံယူ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီး ကျေးရွာ၏ အနာဂါတ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍သက်ဆိုင်ရာဌာနအသီးသီးနှင့်ချိတ်ဆက်အကောင်အထည်ဖော် နိုင်တော့မည်ဟု ယုံကြည်ပါသည်။

**(ခ) ဖွံ့ဖြိုးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာအတွင်း၌ အိမ်ထောင်စုပေါင်း(၂၃၀)ခန့်ရှိပါသည်။ ၎င်းတို့အနက်မှ အိမ်ထောင်စုဦး ရေ စုစုပေါင်း၏(၃.၉)ရာခိုင်နှုန်းခန့် အဆင်ပြေကြ၍ ၊ (၆.၅)ရာခိုင်နှုန်းခန့်မှာ အလယ်အလတ်တန်း စား များဖြစ်ကြသည်။ (၉.၁)ရာခိုင်နှုန်း ခန့်သည်အလွန်အဆင်မပြေသောအိမ်ထောင်စုများဖြစ်ကာ (၈၀.၅)ရာခိုင်နှုန်းခန့်မှာ အဆင်မပြေသော အိမ်ထောင်စုများဖြစ်ကြသည်။

ထို့ကြောင့် ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့ ၊ လယ်သမားများအဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ ကျေးရွာလူငယ်အဖွဲ့ နှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းလုပ်ကိုင်သူများအဖွဲ့ဟူ၍ အဖွဲ့ (၅)ဖွဲ့ ဖွဲ့ကာကျေးရွာလူထုလူနေမှုဘဝ ၊ မြင့်တက်လာစေရေး ၊ လမ်းပန်းဆက်သွယ်ရေး ၊ ကျေးရွာ လျှပ်စစ်မီးအမြန်လင်းနိုင်ရေး ၊ ကုန်ထုတ်လမ်းများကောင်းမွန်ရေး ၊ ထုတ်ကုန်သီးနှံများ အထွက် တိုးရေး ၊ စိုက်ပျိုးရေ ရရှိရေးအတွက် ၊ ဒီဝိုင်(၅)မြောင်းတူးဖော်ရေး (သို့မဟုတ်) ယင်းပဲ့ဆည်ရေဝင် အား ကောင်းရန်ပြုပြင်ရေး ၊ ကျေးရွာဆေးပေးခန်းနှင့် ကျန်းမာရေးဆရာမထားရှိပေးရေး ၊ အရွယ် ရောက်လူငယ်များအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းများဖွင့်လှစ်နိုင်ရေး ၊ စိုက်ပျိုး မွေးမြူရေး ၊ ကျေးရွာတွင်း သန့်ရှင်းသာယာရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု သင်တန်း ဖွင့်လှစ်နိုင်ရေး ၊ ကျေးရွာတွင်း ၊ ရွာလယ်လမ်းမကြီးကောင်းမွန်လာစေရေးအတွက် လမ်းမအဆင့်မြှင့်တင်နိုင်ရန် နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအချက်အလက်များကို ဖော်ပြပါအဖွဲ့အစည်းများမှ လက်ရှိရင်ဆိုင် ကြုံတွေ့နေရသော အခက်အခဲများပြဿနာများကို ဖြေရှင်းရန် ဦးစားပေးအဆင့်သတ်မှတ်၍ စီမံချက်ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ယခင်ဘိုးဘွားများလက်ထက်တွင် ရေနံဆီမီး ၊ ဖယောင်း တိုင်မီးများထွန်းညှိပြီး ချက်ပြုတ်ရေးအတွက် ထင်းမီးကို အားပြုသုံးစွဲခဲ့ကြပါသည်။ ယခုအခါတွင် ဆိုလာပြားသုံး(အယ်အီးဒီ)မီးများကို အစားထိုးသုံးစွဲလာကြပြီဖြစ်ပါသည်။ ထိုထက်ပို၍ နိုင်ငံတော်

မဟာခါတ်အားလိုင်းမှ လျှပ်စစ်မီးအမြန်လင်းပေးနိုင်မည်ဆိုပါက ပို၍ပင်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ မီးလင်းရေးနှင့်ပတ်သက်၍ ယခုဆိုလျှင် ကျေးရွာလူထု၏ကိုယ်ထူကိုယ်ထ ငွေလုံးငွေရင်းစိုက်ထည့်ငွေသိန်း(၄၀၀)ကျော်ရှိပြီး ၊ ဘဏ်၌ အပ်နှံထားပါသည်။ကျေးရွာ၊ရွာလယ်လမ်းတစ်လျှောက်တွင် ကိုယ်ထူကိုယ်ထဖြင့် ဓါတ်တိုင်များစိုက်ထူထားပြီးဖြစ်ရာ ၊ ၂၀၂၀ခုနှစ်၊ကျေးလက်ဒေသလျှပ်စစ် မီးလင်းရေးစီမံကိန်းတွင် ဦးစားပေးအဆင့်သတ်မှတ်၍ ထည့်သွင်းဆောင်ရွက်ပေးစေလိုပါသည်။ မိမိတို့ ကျေးရွာတွင် ရာသီဥတုမမျှတမှုကြောင့် ဆည်ရေသောက်လယ်များ စပါးစိုက်ပျိုးနိုင်ရန် ၊ ဆည်ရေမရရှိခြင်းတို့ကြောင့် ၊ သီးနှံအထွက်နှုန်းကျဆင်းပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးရာမှ စားဝတ်နေရေးပြဿနာအခက်အခဲကြောင့် နေရပ်စွန့်ခွာစီးပွားရှာနေသူများရှိပါသည်။

## (ဂ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဆင်ဖြူချီကျေးရွာသည် စိုက်ပျိုးရေးတွင် အများစုမှာလယ်ယာစိုက်ပျိုးခြင်း ၊ ကိုင်းသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများမှာ အသက်မွေးလမ်းကြောင်းလုပ်ငန်းဖြစ်ပါသည်။ ရာသီမရွေးသီးနှံများဖြစ်သော – ကွမ်း ၊ ငှက်ပျော ၊ ရှောက် ၊ သံပရာ ၊ သရက်နှင့် အခြားလက်စိုက်ပင်များဖြစ်သည့် ဟင်းသီးဟင်းရွက်ပင်များကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြပါသည်။မိုးရာသီတွင် နှမ်း ၊ မြေပဲ ၊ အစေ့ထုတ်ပြောင်း ၊ ငရုတ်တို့ကိုလည်းကောင်း ၊ မိုးလယ်တွင် စပါး ၊ ဆောင်းသီးနှံအဖြစ် ကြက်သွန်နီ/ဖြူ ခရမ်းချဉ်နှင့် မေမြို့ပန်း ၊ ရေမွှေးပန်းတို့ကို စိုက်ပျိုးကြပါသည်။

ဆန်စပါးစိုက်ပျိုးမှု အခြေအနေနှင့် စပ်လျဉ်း၍ ကျေးရွာ၏ အနောက်ဘက်ရှိ လယ်မြေဧက (၆၀၀)ခန့်မှာ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ကျော်ကပင် တပ်ကုန်းကျေးရွာ ၊ ထန်းရင်းကျေးရွာ ၊ ပေကန်နှင့် မကြီးကုန်းလေးကျေးရွာ ၊ ဆင်ဖြူချီကျေးရွာ ရပ်မိ/ရပ်ဖ လူကြီးမင်းများနှင့် တောင်သူလယ်သမားများ စုပေါင်းညှိနှိုင်း၍ ဆင်ဖြူချီယင်းချောင်းပဲ့ဆည်ဖြစ်မြောက်ရေးအတွက် ရေလွှတ်မြောင်းများ ၊ လယ်ရေသောက်မြောင်းများ တူးဖော်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်။ လက်တံ ရေလွှတ်မြောင်းများဖြစ်သော (၁) သုံးထောင်မြောင်း ၊ (၂) ဇီးပင်ကြီးမြောင်း ၊ (၃)သူကြီးသူအိုမြောင်း ဟူ၍ ရေလွှတ်မြောင်းသုံးသွယ်ဖြင့် လယ်ဧက(၆၀၀)ခန့်တို့ သောက်သုံးရေဖူလုံစွာဖြင့် စပါးစိုက်ပျိုးနိုင်ကြပါသည်။ထိုအချိန်က လယ်သမားများမှာ စိုက်ပျိုးရေးနည်းပညာနည်းပါးပြီး မိရိုးဖလာသမရိုးကျသာစိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်နှုန်းတင်း(၃၀)မှ (၅၀)အထိ ထွက်ရှိ၍ ဝမ်းစာဖူလုံကြပါသည်။ ယခုအခါတွင်မူ ကျေးရွာရှိ တောင်သူလယ်သမား မိသားစုတို့မှာ ကျေးရွာ နှင့် (၁၆)မိုင်ဝေးကွာသည့် တောင်တွင်းကြီးမြို့မှလည်းကောင်း ၊ (၂)မိုင်ဝေးကွာသော မြို့သစ်မြို့ရှိ ဆန်ကုန်သည်များထံ၌ ဆန်တစ်အိတ်လျှင် (၃၀၀၀၀)ကျော်ပေး၍ ဝယ်ယူစားသုံးနေရသောအခြေအနေဖြစ်ပါသည်။ မြန်မာနိုင်ငံမှာ ဆန်စပါးသည်အဓိကစိုက်ပျိုးစားသုံးသောသီးနှံဖြစ်၍ ယခုတောင်သူလယ်သမားများ စပါးစိုက်ပျိုးရန်အတွက် (လုပ်စားတော့ မိုးခေါင် ၊ ခိုးစားတော့

ချွေးပေါက်) ဆိုသကဲ့သို့ မိုးခေါင်၍ ၊ မိုးကောင်းသောက်လယ်စိုက်ပျိုးရေမရ ၊ ဆည်ရေကိုအားကိုးမည် ဆိုပြန်တော့လည်း မြောင်းဟောင်းများအရန်သင့်ရှိသော်လည်း ၁၉၉၃-၉၄ခုနှစ်တွင် တည်ဆောက်ခဲ့သော အကျိုးပြုဧက(၄၇၀၀၀)သောက်သုံးနိုင်သည့် နတ်မောက်ဆည်တမံကြီး၏ လက်ယာတူးမြောင်းမကြီးမှ ရေကိုလည်း အားကိုး၍မရဖြစ်ခဲ့ရာ မိမိတို့၏ ယခင်အသုံးပြုခဲ့သော ယင်းပဲ့ဆည်ကောင်းမွန်ရေးအတွက် တောင်သူလယ်သမားများမှကြိုးစားအားထုတ်၍ ဘက်စုံပြုပြင်ဆောင်ရွက်လုပ်ကိုင်ကြသော်လည်း မအောင်မြင်၍ လက်လျော့လိုက်ရပါတော့သည်။ ထို့နောက် နတ်မောက်ဆည်တမံကြီး၏ လက်ယာတူးမြောင်း(ဒီဝိုင်-၅)ရေသွင်းမြောင်းမှ ယင်းပဲ့ဆည်မြောင်းမကြီးထဲသို့ ရေသွယ်ယူကာ စိုက်ပျိုးရန်ရည်ရွယ်သော်လည်း (ဒီဝိုင်-၅)သည် အမည်သာရှိ၍ မြောင်းမရှိ၍ ရေရရှိရန် ခက်ခဲလှပါတော့သည်။ အဆိုပါ သောက်သုံးရေရရှိရေးကိစ္စအတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်လူထုတွေ့ဆုံပွဲ(၁)ကြိမ်ပြုလုပ်စဉ်က(ဒီဝိုင်-၅)ရေသွင်းတူးမြောင်းအမြန်တူးဖော်ပေးရေး တင်ပြဆွေးနွေးရာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များလာရောက်၍ ကွင်းဆင်းကြည့်ရှုသွားသော်လည်း အကောင်အထည်ပေါ်မလာသောကြောင့် တောင်သူလယ်သမားများမှ စုပေါင်းလက်မှတ်ရေးထိုး၍ ထပ်မံတင်ပြတောင်းခံထားပါသည်။

၂၀၁၉ခုနှစ် ၊ စိုက်ပျိုးရာသီတွင် မိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုကြောင့် နိုင်ငံတော်မှ စိုက်ပျိုးမြေဧကအလိုက်နစ်နာကြေး ထောက်ပံ့ငွေ(၂၆)သိန်းခန့်ကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ၊ ကျေးရွာတွင်းရှိ နေ့စားအလုပ်သမားများကိုငှားရမ်းခေါ်ယူကာ ယင်းပဲ့ဆည်အား ပြန်လည်တူးဖော်ခဲ့သော်လည်း ငွေသာကုန်၍ ရေမရတွေဖြစ်ကာ နစ်နာကြေးငွေများသာ ဆုံးရှုံးသွားပြန်ရာ တောင်သူလယ်သမားများမှ မိအေးနှစ်ခါနာ ဖြစ်ရပြန်ပါတော့သည်။

မိမိတို့ဆင်ဖြူချီကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် စီးပွားဖြစ် မွေးမြူခြင်းမရှိဘဲ နွား ၊ ဝက်နှင့်ကြက်တို့ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။

**(ဃ) အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

အခြေခံအဆောက်အအုံနှင့်ပတ်သက်၍ ကျေးရွာ၏အုပ်ချုပ်ရေး ၊ စီးပွားရေး ၊ လမ်းပန်းဆက်သွယ်ရေး ၊ ကျန်းမာရေး ၊ ပညာရေး ၊ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများကို ကွင်းဆင်းလေ့လာကြည့်ရှု၍ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအရ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများဖြင့် ဦးစားပေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားခြင်းအားဖြင့် ဆင်ဖြူချီကျေးရွာနေ ကျေးလက်ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၄ခုနှစ် မတိုင်မီက ကျေးရွာနှင့်(၂)မိုင်ဝေးသော မြို့သစ်မြို့သို့ ဆက်သွယ်သွားလာရာတွင် ယင်းချောင်းကိုအလျားလိုက်ဖြတ်ကျော်သွားလာခဲ့ရပါ သည်။ ထိုသို့သွားလာရာတွင် မိုးအခါ၌ ရေကြီး၍ သွားလာရေးအခက်အခဲများနှင့်ကြုံတွေ့ရသည် များလည်းရှိပါသည်။ ၂၀၁၄ခုနှစ်ခန့်တွင် နေပြည်တော်-မကွေးကားလမ်းမကြီးမှ ထန်းရင်း-ဖုတ်ကုန်းရွာချင်းဆက် မြေသားကားလမ်းကို ယခင်ပြည်ထောင်စုအစိုးရထောက်ပံ့ငွေဖြင့်လမ်း (အူကြောင်း)ဖောက်လုပ်ပေးခဲ့ပါသည်။

ယခုအခါတွင် လက်ရှိပြည်ထောင်စုအစိုးရမှ ၂၀၁၉ခုနှစ်တွင် အဆိုပါ လမ်းအူကြောင်းကို လက်ရှိပြည်ထောင်စုအစိုးရ၏ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ထုံးကျောက်မြေသားလမ်းအဆင့်မြှင့် တင်ခဲ့၍ အသင့်အတင့်ကောင်းမွန်သွားပါသည်။ သို့သော်လည်း ၎င်းမြေသားကားလမ်းကို ရာသီ မရွေးသွားလာနိုင်သောလမ်းအဆင့် ထပ်မံတိုးမြှင့်ပေးနိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုလမ်း ကြောင်း ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာအတွင်းရှိ ရွာလယ်လမ်းမကြီးမှာလည်း မြေသားလမ်းပင်ဖြစ်ပါသည်။ ကျေးရွာ အတွင်း သုံးဘီးဆိုင်ကယ်(၆)စီး ၊ ဈေးကား(၂)စီးနှင့် ပြင်ပဈေးကားများသည် မြို့သစ်ဈေးသို့လည်း ကောင်း ၊ တောင်တွင်းကြီး နှင့် မကွေးသို့လည်းကောင်း နေ့စဉ်ပြေးဆွဲနေကြပါသည်။ ထို့အပြင် လယ်ယာသုံးထွန်စက် ၊ လက်တွန်းထွန်စက်များလည်း စိုက်ပျိုးရာသီအလိုက် ဝင်ထွက်မောင်းနှင ကြသဖြင့် လမ်းမြေနိမ့်သောနေရာများတွင် ရေဝပ်၍ ရွှံ့ဗွက်များဖြစ်ကာပျက်စီးသွားရပါသည်။ ကျေးရွာ၏ အနောက်ဘက်အထွက်ရှိ လယ်ယာထွက်ကုန်သီးနှံကုန်ထုတ်လမ်းမှာလည်း ထို့အတူပင် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းလမ်းများတွင် ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်သွား နိုင်ရန် ကွန်ကရစ်လမ်း (သို့မဟုတ်) ကျောက်ခင်းလမ်းများအဖြစ် လမ်းအဆင့်မြှင့်တင်ပေးနိုင်မည် ဆိုပါက များစွာ အဆင်ပြေသွားမည်ဖြစ်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

စိုက်ပျိုးရေးဘဏ် ၊ သမဝါယမကဲ့သို့သော အစိုးရဌာနများ ၊ ပက်မြန်မာကဲ့သို့သော ပြင်ပ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ငွေကြေးများ ချေးယူကာ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရ သူများရှိပါသည်။ ဤကဲ့သို့သော အခက်အခဲပြဿနာစိန်ခေါ်မှုများကို ဖြေရှင်းရန်မှာ အသက်မွေး ဝမ်းကြောင်းပညာသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဖက်စပ် လုပ်ငန်းများစီစဉ်ပေးမည်ဆိုပါက တစ်ဦးချင်းဝင်ငွေများ တိုးပွားကာ ပြေလည်သွားနိုင်ပါသည်။

**(စ) ပညာရေး**

ပညာရေးနှင့်ပတ်သက်၍ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ၍ မူလတန်း၊ အလယ်တန်းပြီးမြောက်သူ အများအပြားနှင့် အထက်တန်းနှင့်အဆင့်မြင့်တန်းပြီးမြောက်သူအနည်းငယ်ရှိပါသည်။

ကျောင်းအဆောက်အဦးများမှာ ပင်မဆောင်ကြီးသည် ကိုယ်ထူကိုယ်ထကျောင်းဆောင်ဖြစ်၍ အလျား(၈၀)ပေ ၊ အနံ(၃၀)ပေ ၊ အမြင့်(၁၂)လက်မပေရှိသည့်သွပ်မိုး ၊ ပျဉ်ထောင်သစ်သားဆောင် ဖြစ်ပါသည်။ ၎င်းကျောင်းဆောင်ကြီးမှာ သက်တမ်းကြာ၍ နေပြီဖြစ်သောကြောင့် (အာစီ)သို့မဟုတ် အုတ်ညှပ်ဆောင်အဖြစ် အဆင့်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ အခြားနှစ်ဆောင်မှာအလျား(၅၀)ပေ၊ အနံ(၃၀)ပေ ၊ အမြင့်(၁၀)ပေရှိသော အုပ်ညှပ်ဆောင်များဖြစ်ပါသည်။ ကျောင်းသားစုစုပေါင်း(၂၅၀) ခန့် ပညာသင်ကြားလျှက်ရှိပါသည်။ ဆရာ/ဆရာမ ဦးရေမှာ မူဆင့်တွင်(၄)ဦး ၊ လယ်ဆင့်တွင်(၅)ဦး သာရှိပြီး ၊ မူလတန်းပြလစ်လပ်နေရာ(၃)ဦးကို ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာသို့ တင်ပြတောင်းခံထားပါသည်။ လက်ရှိတွင် အထွေထွေလုပ်သားအပါအဝင် ဝန်ထမ်း(၁၀)ဦးဖြင့် သင်ကြားရေးလုပ်ငန်းလည်ပတ်နေပါသည်။

ကျောင်းသုံးပရိဘောဂ စားပွဲ ၊ ကုလားထိုင် ၊ စာရေးခုံမြင့် တို့မှာ နည်းပါးနေပြီး ထပ်မံဖြည့်စွက်ပေးနိုင်လျှင် ပိုကောင်းပါသည်။ ကျောင်းစာကြည့်တိုက်ကို စာအုပ်ပေါင်း(၅၀၀)ခန့်ဖြင့် ဖွင့်လှစ်ထားရှိပြီး ကျောင်းသား/ကျောင်းသူများအပြင် ကျေးရွာအတွင်းရှိလုပ်သားပြည်သူများပါ လေ့လာဖတ်ရှုနေကြပါသည်။ သို့သော်အဆောင်သီးသန့်မရှိ၍ စာသင်ခန်းကိုအသုံးပြုထားရပါသည်။

ကျောင်းဝိုင်း၏ဧရိယာမှာ (၁.၇၀)ဧကရှိပြီး အုတ်တံတိုင်း ၊ သွပ်ဆူးကြိုးတို့ဖြင့်လုံခြုံစွာကာရံထားပါသည်။ သောက်သုံးရေရရှိရေးအတွက် အဝီစိတုံကင်တွင်း(၂)တွင်းအသုံးပြုထားပါသည်။ ကလေးများနှင့် ဆရာ/ဆရာမများ အသုံးပြုရန်(၂)ခန်းတွဲ ဆားဗစ်ကျင်းအိမ်သာ(၁)လုံးသာရှိပြီး ကျန်အိမ်သာများမှာ ယင်လုံအိမ်သာများဖြစ်ကြပါသည်။ ဤကျောင်းသည် မြို့နယ်ကျန်းမာရေး အထူးစီမံချက်ဝင်ကျောင်းတစ်ကျောင်းဖြစ်ရာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်လျှက်ရှိပါသည်။

**(ဆ) ကျန်းမာရေး**

ဆင်ဖြူချီကျေးရွာ၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကူးစက်ရောဂါကြီးများမရှိပါ။ ကလေးငယ်များ ၊ ရာသီတုတ်ကွေးရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါ အနည်းငယ်မျှသာဖြစ်လေ့ရှိပါသည်။

သောက်သုံးရေကို အဝီစိတုံကင်တွင်းများသာအသုံးပြုကြပါသည်။ မိသားစုတိုင်းနီးပါး ယင်လုံ ရေလောင်းအိမ်သာများကိုစနစ်တကျသုံးစွဲကြပါသည်။ ကျေးရွာတွင်း

အမှိုက်စွန့်ပစ်သည့်စနစ်မှာ အမှိုက်များကို ကျေးရွာ၏အပြင်ဘက်တွင် သင့်လျော်သလိုစွန့်ပစ်ခြင်း ၊ စနစ်ကျမှုအားနည်းနေသေး ရာ နောင်တွင် အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ပေးပြီး တစ်ပတ်လျှင် တစ်ကြိမ်မီးရှို့ဖျက်ဆီးနိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးအပြင်းအထန်ဖြစ်ပေါ်ခံစားရမှုနည်းပါးသော်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ရောင်တခင်ထိခိုက်မှုများ ရုတ်တရက်ဖြစ်ပေါ်တတ်သောရောဂါများကြုံတွေ့ရသည့်အခါများတွင် အရေးပေါ်အကူအညီတောင်းရန် ကျန်းမာရေးဝန်ထမ်း ၊ ကျန်းမာရေးဆေးခန်းမရှိခြင်းကြောင့် အသက်အန္တရာယ်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်များ ကြုံတွေ့ရသည်များရှိပါသည်။ သို့အတွက် ကြောင့် ကျေးရွာတွင် ကျန်းမာရေးဆေးခန်း ၊ ကျန်းမာရေးဝန်ထမ်း ၊ အရေးပေါ်သုံးဆေးဝါးများ ၊ အရေးပေါ်သုံးလူနာတင်ယာဉ်များထားရှိနိုင်ရေး အစဉ်တစ်စိုက်ကြိုးစားကြရမည့်အပြင် သက်ဆိုင် ရာသို့ တင်ပြအကူအညီတောင်းခံသွားမည်ဖြစ်ပါသည်။

**(ဇ) ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မီးဘေး ၊ လေဘေး ၊ ရေဘေး ၊ လျှောင်လှုပ်ခြင်း ၊ တောင်ပြိုကျခြင်း ၊ ရေကြီး ရေလျှံခြင်း ၊ ကာလဝမ်းရောဂါကဲ့သို့သော ဘေးဥပါဒ်အန္တရာယ်တို့မှာ မရှိသလောက်ပင်ဖြစ်သော်လည်း ၊ တစ်ခါတစ်ရံ မိုးပြင်းထန်စွာရွာသွန်းသည့်အခါများတွင် ယင်းချောင်းမှ ရေကြီးရေလျှံမှုဖြစ်ပေါ် တတ်ပြီး နှုန်းတင် မြေနုစိုက်ခင်းများ ပျက်စီးသွားသည်များကြုံတွေ့ရပါသည်။

ပူပြင်းခြောက်သွေ့သော ရာသီ၌ မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် လှုံ့ဆော်ခြင်း ၊ ဟောပြောခြင်း ၊ ပိုစတာများချိတ်ဆွဲပြသခြင်း ၊ အသံချဲ့စက်ဖြင့် မီးသတိပေးဆော်သြခြင်း ၊ ရေအိုးစင် ၊ မီးချိတ် ၊ မီးကပ် ၊ ရေတဘက် ၊ သဲများ အဆင်သင့်ထားရှိစေခြင်း ၊ မီးကိုစည်းကမ်း ရှိစွာ အသုံးချရေး ၊ သတိပေးနှိုးဆော်ရန် ၊ လူငယ်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရှိခြင်း စသည့် မီးဘေး ကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲကာ နှစ်စဉ်စီမံဆောင်ရွက်လျှက်ရှိပါသည်။

ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသတင်းဌာန၏ သဘာဝဘေးကြိုတင်သတိပေးချက်၊ နှိုးဆော်ချက်များကို ကြည့်ရှုနားထောင်လိုက်နာစေခြင်းဖြင့် သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင် ကြပါသည်။

**(ဈ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာတွင်လူဦးရေ ( ) ခန့်ရှိပြီး ၊ သက်ကြီးရွယ်အို(၅.၈)ရာခိုင်နှုန်းခန့် ၊ ကလေး သူငယ်(၅၀)ရာခိုင်နှုန်းခန့် ၊ အမျိုးသမီး(၂၅)ရာခိုင်နှုန်းခန့်နှင့် လူငယ်(၁၉.၂)ရာခိုင်နှုန်းခန့်ရှိပါသည်။ ၎င်းလူငယ်များသည် ကျေးရွာသာရေး ၊ နာရေး ၊ ဘာသာရေး ၊ လအလိုက်ရိုးရာဓလေ့ပွဲတော်များ၊ လူမှုရေးလုပ်ငန်းများ ၊ ရပ်ရွာအကျိုးပြုလူထုကျန်းမာရေးလှုပ်ရှားမှုလုပ်ငန်းများ ၊ ရပ်ရွာတည်ငြိမ် အေးချမ်းသာယာရေး ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ

လုပ်ငန်းတို့တွင် ကျေးရွာရပ်မိရပ်ဖလူကြီးများ ၊ ကျေးရွာလူထုများ နှင့် အတူ ပူးပေါင်းပါဝင်လှုပ်ရှားကြပါသည်။

ကျေးရွာလူငယ်များအနက်အချို့မှာ မိဘများ၏ တောင်သူလုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ဆောင်နေကြပြီး အချို့မှာ ပြည်တွင်းပြည်ပရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ မိဘ ၊ ဆရာသမားများ၏ ထိန်းသိမ်းစောင့်ရှောက်မှု ၊ ဆုံးမသြဝါဒပေးမှု ၊ သတင်းမီဒီယာ ဌာနများ၏ လှုံ့ဆော်မှုတို့ကြောင့် မူးယစ်ဆေးဝါးမသုံးစွဲကြပါ။

ကျေးရွာလူငယ်များ စိတ်ပိုင်း ၊ ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းစာကြည့်တိုက်မှ လေ့လာဖတ်ရှုရန်စာအုပ်စာပေများကို ငှားရမ်း၍ စာဖတ်ဝိုင်းများဖွဲ့ကာ ဖတ်ရှုလေ့လာစေပါသည်။ ထို့အပြင် ကျေးရွာအတွင်းရှိ မိဘပြည်သူများစာပေလေ့လာမှုအခွင့်အလမ်းရရှိစေရန် ရည်သန်၍ လူငယ်အဖွဲ့မှ ပင်လက်ပွေ့ စာကြည့်တိုက်စနစ်ဖြင့် တနင်္ဂနွေနေ့တိုင်း ကျေးရွာအတွင်းသို့ လှည့်လည်၍ စာအုပ်ငှားရမ်းပေးခြင်း ၊ ပြန်လည်သိမ်းဆည်းခြင်းများပြုလုပ်ပေးပါသည်။ အချို့သောလူငယ်များမှာ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ပန်းရံ ၊ လက်သမား ၊ အဝီစိရေတွင်း တုံကင်ရေတွင်းတူး ၊ သုံးဘီးဆိုင်ကယ်မောင်း ၊ လေးဘီးယာဉ်မောင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အမျိုးသမီးလူငယ်အချို့မှာ အထည်ချုပ်လုပ်ငန်းလုပ်ကိုင်၍ အချို့မှာကိုင်းသီးနှံစိုက်ခင်းများတွင် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ကလေးသူငယ်များအား စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံဘာသာရေး အသိအလိမ္မာတိုးပွားစေရန် ဓမ္မစကူးကျောင်း ၊ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးလျှက်ရှိပါသည်။

**(ဈ) ကျား/မရေးရာဆက်နွယ်မှု**

ရပ်ရေးရွာရေး ၊ သာရေးနာရေး ၊ ဘာသာရေးနှင့်ယဉ်ကျေးမှု ၊ကျန်းမာရေး ၊ ကျေးရွာသန့်ရှင်းသာယာလှပရေးလုပ်ငန်းအဝဝတို့တွင် အများအားဖြင့် ယခင်က အမျိုးသားများကသာ ဦးဆောင်ပါဝင်ဆောင်ရွက်ကြပြီး ယခုအခါတွင်မူ အမျိုးသမီးများလည်းပါဝင်ဆောင်ရွက်လုပ်ကိုင်လာကြပြီဖြစ်ပါသည်။ ကျေးရွာအမျိုးသားလူငယ်များစုစည်း၍ ဆင်ဖြူချီကျေးရွာ ပရဟိတလူငယ်အဖွဲ့ ၊ ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာ ၊ ပရဟိတအဖွဲ့ဖွဲ့ကိုလည်း ဖွဲ့စည်း၍ ကျေးရွာ၏ သာရေး ၊ နာရေး ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

ထို့အပြင် ဖော်ပြပါ အမျိုးသားလူငယ်ပရဟိတအဖွဲ့နှင့် အမျိုးသမီးပရဟိတအဖွဲ့များအား ရပ်ရွာ၏ သာရေး ၊ နာရေး ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပါဝင်စုပေါင်းဆောင်ရွက်လိုစိတ်ရှင်သန်လာစေရေးအတွက် နှင့် မျိုးဆက်သစ်လူငယ်များမှ အစဉ်အလာကောင်းများကို ဆက်

လက်ထိန်းသိမ်းသွားစေရန် ရည်သန်၍ ကျေးရွာနေပြည်သူများမှ ရန်ပုံငွေများထည့်ဝင်ခြင်း ၊ မြို့နယ်အဆင့်အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်စရိတ်အားထောက်ပံ့ပေးခြင်း ၊ နှစ်စဉ်အလိုက် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ရာတွင် ဝိုင်းဝန်းပံ့ပိုးပေးကြပါသည်။

ကျေးရွာနေလူငယ်များကို အရက်သေစာသောက်စားခြင်း ၊ လောင်းကစားဝိုင်းများပြုလုပ်ခြင်း ၊ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း ၊ မူးယစ်ဆေးဝါးများသုံးစွဲမှီဝဲခြင်း ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ပွားခြင်း စသည်တို့မှ တားဆီးကာကွယ်ပေးနိုင်ရေးတို့လည်းကောင်း ၊ အမျိုးသမီးလေးများအား အဓမ္မပြုကျင့်ခံရခြင်း ၊ လူကုန်ကူးခံရခြင်းတို့မှ ကာကွယ်နိုင်ရန် ကျေးရွာရပ်မိရပ်ဖလူကြီးများမှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူတိုင်း ဟောပြောအသိပေးထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အမျိုးသားများသာမက အမျိုးသမီးများကိုပါ မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝဖြင့်တာဝန်ယူ ၊ တာဝန်ခံ ဆောင်ရွက်ရန် စီမံထားပေးပါသည်။

## (ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၃)ကျောင်း ၊ စာသင်ကျောင်းတစ်ကျောင်းရှိပါသည်။ ကျေးရွာလူထုအများစုမှာ တောင်သူလယ်သမားများဖြစ်၍ အမျိုးသမီး ၊ အမျိုးသားလူငယ်များမှာ မိမိတို့စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းခွင့်၌လည်းကောင်း ၊ အခြားဝင်ငွေရလုပ်ငန်းများတွင်လည်းကောင်း တည်ငြိမ်အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်ပါသည်။ မိမိတို့ဒေသသည် မြေလတ်ပိုင်းဒေသဖြစ်၍ သဘာဝဘေးဆိုးဒဏ်ကိုခံစားရမှုနည်းပါးသည့်အပြင် မြို့သစ်မြို့နှင့် (၂)မိုင်ခန့်သာကွာဝေးသောကြောင့် နယ်မြေအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ကွပ်ကဲကြပ်မတ်မှုလွယ်ကူသောကြောင့် ရပ်ရွာလုံခြုံရေးအတွက် စိတ်ချရသော ဒေသဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

## (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်

များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ၂၀၂၄ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းတွင် အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးသွယ်တန်း အသုံးပြုနေပြီးဖြစ်ရမည်။ ကျေးရွာ၏ အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ ကျေးရွာတွင် လမ်းများအားလုံး ကျောက်ချောလမ်းများအဖြစ် ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်များ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့် လူမှုအခြေခံ အဆောက်အဦးများ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်တက်နေပြီး ဖြစ်ရမည်။

(၂) ၂၀၂၄ ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာ ရမည်။

(၃) ပညာရည်တက်မြောက်မှု မြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေး စသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန် များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။
- 
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသော အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေ ထူထောင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင် လက်ရှိရွာတွင်းလမ်းများ ပျက်စီးခြင်း၊ စာသင်ကျောင်းဆောင် လုံလောက်မှု မရှိခြင်း၊ ကျေးရွာဆေးခန်းတွင် ဆေးခန်းသုံးပစ္စည်းနှင့်ကုတင် လုံလောက်မှုမရှိခြင်း၊

စိုက်ပျိုးရေးအတွက်လည်း နည်းပညာနှင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်များရှိသဖြင့် ပြည့်စုံမှုမရှိကြပါ။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

- ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်တက်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရင်းအနှီး မတက်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မိမိတို့ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ မရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များ အတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သား များ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန် ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ် ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ကျွန်တော်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်မွေး ထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၄င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စက်ရုံများ တည်ထောင်ခြင်းဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင် ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အ သွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိ ဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက

ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများ အား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာ စေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## (ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(၃) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျွန်တော်တို့ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အခြေခံ၍ အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## မြို့သစ်မြို့နယ်၊ ဆင်ဖြူချီကျေးရွာအုပ်စု၊ ဆင်ဖြူချီကျေးရွာ
## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မှ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | စီမံချက်အမည် | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၉ | ၈ | ၈ | ၈ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇၅ | ၄ |
| ၃ | စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၈ | ၉ | ၉ | ၉ | ၈ | ၈ | ၆ | ၆ | ၆ | ၄ | ၇၃ | ၅ |
| ၄ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၇ | ၈ | ၇ | ၇ | ၉ | ၉ | ၈ | ၈ | ၇ | ၇ | ၇၇ | ၂ |
| ၅ | ပွဲဆည်မြောင်းပြုပြင်ခြင်း | ၆ | ၅ | ၆ | ၆ | ၅ | ၅ | ၉ | ၉ | ၉ | ၉ | ၆၉ | ၆ |
| ၆ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း | ၂ | ၃ | ၅ | ၅ | ၆ | ၆ | ၅ | ၅ | ၈ | ၈ | ၅၃ | ၁၀ |
| ၇ | လယ်ယာသုံးစက်ပစ္စည်းများဈေးနှုန်းချိုသာစွာ ရရှိအောင်ဆောင်ရွက်ခြင်း | ၅ | ၂ | ၄ | ၄ | ၅ | ၅ | ၁ | ၈ | ၆ | ၆ | ၄၆ | ၁၂ |
| ၈ | အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း | ၇ | ၆ | ၃ | ၁ | ၈ | ၈ | ၄ | ၄ | ၇ | ၇ | ၅၅ | ၉ |
| ၉ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | ၅ | ၃ | ၃ | ၅ | ၅ | ၃ | ၃ | ၇ | ၇ | ၄၄ | ၁၃ |
| ၁၀ | အားကစားကွင်းပြုလုပ်ပေးခြင်း | ၇ | ၃ | ၂ | ၂ | ၈ | ၈ | ၂ | ၂ | ၈ | ၈ | ၅၀ | ၁၁ |
| ၁၁ | ကျန်းမာရေးဆေးပေးခန်းတွင် ပရိဘောဂပစ္စည်းများရရှိအောင် ဆောင်ရွက်ခြင်း | ၈ | ၈ | ၅ | ၅ | ၈ | ၈ | ၉ | ၉ | ၈ | ၈ | ၇၆ | ၃ |
| ၁၂ | အစည်းအဝေးခန်းမတည်ဆောက်ခြင်း | ၂ | ၃ | ၆ | ၆ | ၆ | ၆ | ၈ | ၈ | ၉ | ၉ | ၆၃ | ၇ |
| ၁၃ | ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | ၂ | ၅ | ၃ | ၁ | ၅ | ၅ | ၉ | ၉ | ၉ | ၉ | ၅၇ | ၈ |
| ၁၄ | စာသင်ကျောင်းတွင် ပရိဘောဂနှင့်ပစ္စည်းများရရှိအောင် ဆောင်ရွက်ခြင်း | ၁ | ၂ | ၂ | ၂ | ၂ | ၂ | ၉ | ၉ | ၅ | ၅ | ၃၉ | ၁၄ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

*

| စဉ် | စီမံကိန်း(project) | ဦးစားပေး | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ | ၂၀၂၃ ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းနှစ်ဘက်ဘီးသွားကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | ✓ | | | |
| ၃ | ကျန်းမာရေးဆေးပေးခန်းတွင် ပရိဘောဂပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း | ၃ | | | ✓ | | |
| ၄ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | | ✓ | |
| ၅ | စာသင်ကျောင်းဆောက်ဆောက်လုပ်ခြင်း | ၅ | | | | | ✓ |
| ၆ | ပွဲဆည်မြောင်းပြုပြင်ခြင်း | ၆ | | | ✓ | | |
| ၇ | အစည်းအဝေးခန်းမတည်ဆောက်ခြင်း | ၇ | | | | ✓ | |
| ၈ | ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | ၈ | | | ✓ | | |
| ၉ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်း | ၉ | ✓ | | | | |
| ၁၀ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ခြင်း | ၁၀ | ✓ | | | | |
| ၁၁ | အားကစားကွင်းပြုလုပ်ပေးခြင်း | ၁၁ | | ✓ | | | |
| ၁၂ | လယ်ယာသုံးစက်ပစ္စည်းများဈေးနှုန်းချိုသာစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၂ | | | ✓ | | |
| ၁၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၁၃ | | | | | ✓ |
| ၁၄ | စာသင်ကျောင်းတွင်ပရိဘောဂနှင့်ပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း | ၁၄ | | | | ✓ | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ် ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက် များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

